Japan International Cooperation Agency

**Press Release**

JICA Myanmar Office
Tel: (95-1)255473～6 (Ext.267)
my_oso_rep@jica.go.jp

၂၀၂၀ခုနှစ်၊ မတ်လ ၁၈ ရက်

# ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းဒေသတို့တွင် ၂၀၂၀ ခုနှစ် နှစ်လယ်ပိုင်း၌ စားနပ်ရိက္ခာ ဖူလုံရေး အတွက် ဟင်းသီးဟင်းရွက်သီးနှံ တန်ဘိုးမြှင့် ကွင်းဆက် ထုတ်လုပ်မှု စွမ်းအား မြင့်မားတိုးတက်လာစေရေး စီမံကိန်း အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် JICAတို့မှ ပူးပေါင်းဖော်ဆောင်

၂၀၂၀ခုနှစ်၊ မတ်လ ၁၈ ရက် (ဗုဒ္ဓဟူးနေ့)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရုံး အမှတ် (၁၅) နေပြည်တော်တွင် ဂျိုက်ကာ (JICA)၏ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းအသစ်ဖြစ်သည့် "**စားနပ်ရိက္ခာ ဖူလုံရေး အတွက် ဟင်းသီးဟင်းရွက်သီးနှံ တန်ဘိုးမြှင့် ကွင်းဆက် ထုတ်လုပ်မှု စွမ်းအား မြင့်မားတိုးတက်လာစေရေး စီမံကိန်း**" အတွက် စီမံကိန်းလုပ်ငန်း သဘောတူစာချုပ်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ စီမံကိန်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ရုံး၏ အကြီးတန်း ဌာနေကိုယ်စားလှယ် Mr. SAKAKURA Noriji တို့က လက်မှတ်ရေးထိုးခဲ့ကြပါသည်။ စီမံကိန်းဧရိယာဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ၊မှော်ဘီမြို့နယ် နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ကလော မြို့နယ်များတွင် စီမံကိန်းလုပ်ငန်းများကို ၂၀၂၀ ခုနှစ်၊ ဇူလိုင်လတွင် စတင်အကောင်ထည် ဖော်မည် ဖြစ်ပါသည်။

၎င်းစီမံကိန်းသစ်သည် စိုက်ပျိုးရေးထွက်ကုန်များ၏ အရေအတွက် မှ အရည် အသွေးကို အခြေခံ သည့် (သို့မဟုတ် ) ဈေးကွက်ဗဟိုပြုသည့် စိုက်ပျိုးရေးလုပ်ငန်းသို့ ပြောင်းလဲတိုးမြှင့်ခြင်းနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးသော လယ်သမားများ၏ ဝင်ငွေ တက်စေရန် အတွက်အထောက်အကူပေးမည့်စီမံကိန်းတစ်ခုဖြစ် ပါသည်။

Japan International Cooperation Agency

**Press Release**

JICA Myanmar Office
Tel: (95-1)255473～6 (Ext.267)
my_oso_rep@jica.go.jp

နှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးထုတ်ကုန်များ၏ ဈေးကွက်သည် သီးနှံအထွက်နှုန်းတိုးတက်ရေးပေါ်တွင် အလေးပေးအားထားခဲ့သည့်အတွက် အများဆုံး စိုက်ပျိုးထုတ်လုပ်နိုင်သည့် လယ်သမားများသာလျှင် ဝင်ငွေတိုးတတ် ကောင်းမွန်လျှက်ရှိပြီး၊ တနိုင်တပိုင် စိုက်ပျိုးသောတောင်သူလယ်သမားအများမှာ အမြတ်အစွန်းနည်းပါး ခဲ့သည်။

**စီမံကိန်းသစ်** ၏ အဓိက ရည်ရွယ်ချက်မှာ အရည်အသွေးမြင့် ဟင်းသီးဟင်းရွက်သီးနှံများ ထုတ်လုပ်ပြီး၊ တစ်ယူနစ် ဝင်ငွေတိုးမြှင့်ခြင်းဖြင့် အမှန်တကယ် စိုက်ပျိုးနေသော တောင်သူ လယ်သမားများ၏ ဝင်ငွေကို မြှင့်တင်ပေးရန်ရည်ရွယ်ပါသည်။ စီမံကိန်းအနေဖြင့် အရည်အသွေးကောင်းမွန်ပြီး၊ လတ်ဆပ်သည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့်၊ စားသုံးသူများ အန္တရာယ်ကင်းပြီး၊ လုံခြုံစိတ်ချရသော ဟင်းသီးဟင်းရွက်များ ထုတ်လုပ်ရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင် လယ်ယာစိုက်ပျိုးထုတ်လုပ်သူများ၏ လုပ်ငန်းစွမ်းရည် မြှင့်တင်ရေးအပြင်၊ ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်း ၊ ရိတ်သိမ်းချိန်လွန် ဓါတုပစ္စည်းများကို မှန်ကန်စွာသုံးစွဲရေး နှင့်စိုက်ကွင်းများ စီမံခန့်ခွဲရေးများကိုလည်း တာဝန်ယူဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ဤစီမံကိန်းသည် အစိုးရဝန်ထမ်းများနှင့် လယ်သမားများသာမက ပိုကောင်းမွန်သော ကုန်သွယ်မှုဖြစ်ပေါ်စေရန်

စိုက်ပျိုးရေးသွင်းအားစု (မျိုးစေ့၊မြေသြဇာအစရှိသည့်)၊ ဖြန့်ဖြူးရောင်းချသူများ၊ထုတ်လုပ်သူများ၊ လက်လီရောင်းချသူများနှင့် စားသုံးသူများကဲ့သို့သော တန်ဖိုးကွင်းဆက်ရှိ အခြားသက်ဆိုင်သူများအားလုံးနှင့် တွဲဖက်လုပ်ဆောင်မည်ဖြစ်သည်။ ဖော်ပြပါ စီမံကိန်းလုပ်ငန်းများမှ တစ်ဆင့် သတ်မှတ်ထားသော ဧရိယာအတွင်း အဆင်မြင့်ဟင်းသီးဟင်းရွက်သီးနှံ တန်ဖိုးမြှင့် ကွင်းဆက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ရာ ၊ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကို ပိုမိုအားကောင်းလာစေပြီး၊ တောင်သူများ အမြတ်အစွန်းများများ ရရှိလာမည်ဖြစ်သည်။

ဂျိုက်ကာ (JICA) သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးဆုံးနှင့်အဓိကစက်မှုလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

Japan International Cooperation Agency

**Press Release**

JICA Myanmar Office
Tel: (95-1)255473～6 (Ext.267)
my_oso_rep@jica.go.jp



"**စားနပ်ရိက္ခာ ဖူလုံရေး အတွက် ဟင်းသီးဟင်းရွက်သီးနှံ တန်ဘိုးမြှင့် ကွင်းဆက် ထုတ်လုပ်မှု စွမ်းအား မြှင့်မားတိုးတက်လာစေရေး စီမံကိန်း**" အတွက် စီမံကိန်းလုပ်ငန်း သဘောတူစာချုပ်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ စီမံကိန်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ရုံး၏ အကြီးတန်း ဌာနေကိုယ်စားလှယ် Mr. SAKAKURA Noriji တို့က လက်မှတ်ရေးထိုးခဲ့ကြပါသည်။